# (၄.၁၂.၂၀၂၀) မှ (၁၀.၁၂.၂၀၂၀) အထိရွှေနှင့်အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ လေ့လာသုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် Covid-19 ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေး အပြောင်းအလဲများကြောင့် ပြည်တွင်းရွှေဈေးကွက်တွင်လည်း အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါသည်။ကမ္ဘာ့ရွှေဈေးသည်ဒီဇင်ဘာလ ၁ရက်နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၈၆ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၃၉ ဒေါ်လာသို့ ပြန်လည် မြင့်တက်လာခဲ့ပြီး ဒီဇင်ဘာလ ၈ ရက်နေ့တွင် ၁၈၆၆ ဒေါ်လာအထိ ဆက်လက် မြင့်တက်လာရာမှ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ၁၈၃၆ ဒေါ်လာသို့ ပြန်လည်ကျဆင်းလာခဲ့ကြောင်းတွေ့ရှိရသည်။

ပြည်တွင်းရွှေဈေးသည် ဒီဇင်ဘာလ ၁ ရက်နေ့တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၂၇၅၀၀၀ ကျပ်ဖြစ်ပေါ်ခဲ့ပြီး ဒီဇင်ဘာလ ၄ ရက်နေ့တွင် ၁၃၀၁၀၀၀ ကျပ်သို့ ပြန်လည် မြင့်တက်လာခဲ့ကာ ဒီဇင်ဘာလ၈ ရက်နေ့တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၃၀၈၀၀၀ကျပ်မှ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ၁၃၀၅၀၀၀ ကျပ်ပေါက်ဈေးဖြစ်ပေါ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရှိရပါသည်။ ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်း အခြေအနေများပေါ်တွင် များစွာမူတည်လျက်ရှိကြောင်း သိရှိရသည်။

ကမ္ဘာ့ရွှေဈေးနှင့် အမေရိကန်ဒေါ်လာဈေးမြင့်တက်လာခြင်းကြောင့် ပြည်တွင်းရွှေဈေးကွက်အတွင်း ရက်ပိုင်းအတွင်း ရွှေဈေးပြန်လည်မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။ ရွေးကောက်ပွဲမတိုင်ခင် ကာလတွင် ရွှေတစ်ကျပ်သားလျှင် ၁၃၁၈၀၀၀ ကျပ်အထိမြင့်တက်ခဲ့ပြီး နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ၁၂၇၈၀၀၀ ကျပ်သို့ကျဆင်းခဲ့ပြီးနောက် ရွှေဈေးပြန်လည် မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်းရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောကြားခဲ့သည်ကို သိရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ရွှေ တစ်အောင်စလျှင် ၁၇၈၈ ဒေါ်လာအထိ ကျဆင်းလာခဲ့ပြီး ဒီဇင်ဘာလ ၈ ရက်နေ့တွင် ၁၈၆၆ ဒေါ်လာအထိ ပြန်လည်မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှ ဒီဇင်ဘာလ ၁၀ ရက်နေ့အတွင်း ကမ္ဘာ့ ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၂.၁၁.၂၀၂၀ | ၁၃၁၂၀၀၀ | ၁၈၈၄ |
| ၂ | ၃.၁၁.၂၀၂၀ | ၁၃၁၃၀၀၀ | ၁၈၉၆ |
| ၃ | ၄.၁၁.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၉၀၂ |
| ၄ | ၅.၁၁.၂၀၂၀ | ၁၃၁၆၀၀၀ | ၁၉၀၄ |
| ၅ | ၆.၁၁.၂၀၂၀ | ၁၃၁၈၀၀၀ | ၁၉၄၄ |
| ၆ | ၉.၁၁.၂၀၂၀ | ၁၃၁၆၀၀၀ | ၁၉၅၇ |
| ၇ | ၁၀.၁၁.၂၀၂၀ | ၁၃၁၂၀၀၀ | ၁၈၈၆ |
| ၈ | ၁၁.၁၁.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၈၈၁ |
| ၉ | ၁၂.၁၁.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၈၆၈ |
| ၁၀ | ၁၃.၁၁.၂၀၂၀ | ၁၃၁၀၀၀၀ | ၂၈၇၉ |
| ၁၁ | ၁၄.၁၁.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၈၉၀ |
| ၁၂ | ၁၆.၁၁.၂၀၂၀ | ၁၃၁၂၀၀၀ | ၁၈၉၇ |
| ၁၃ | ၁၇.၁၁.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၈၈၇ |
| ၁၄ | ၁၈.၁၁.၂၀၂၀ | ၁၃၀၉၅၀၀ | ၁၈၈၀ |
| ၁၅ | ၁၉.၁၁.၂၀၂၀ | ၁၃၀၆၀၀၀ | ၁၈၅၅ |
| ၁၆ | ၂၀.၁၁.၂၀၂၀ | ၁၃၀၄၀၀၀ | ၁၈၆၆ |
| ၁၇ | ၂၁.၁၁.၂၀၂၀ | ၁၃၀၅၀၀၀ | ၁၈၇၁ |
| ၁၈ | ၂၃.၁၁.၂၀၂၀ | ၁၃၀၇၀၀၀ | ၁၈၆၈ |
| ၁၉ | ၂၄.၁၁.၂၀၂၀ | ၁၃၀၁၅၀၀ | ၁၈၃၂ |
| ၂၀ | ၂၅.၁၁.၂၀၂၀ | ၁၂၉၉၀၀၀ | ၁၈၃၁ |
| ၂၁ | ၂၆.၁၁.၂၀၂၀ | ၁၂၉၃၀၀၀ | ၁၈၁၈ |
| ၂၂ | ၂၇.၁၁.၂၀၂၀ | ၁၂၈၉၀၀၀ | ၁၈၀၉ |
| ၂၃ | ၂၈.၁၁.၂၀၂၀ | ၁၂၇၈၀၀၀ | ၁၇၈၈ |
| ၂၄ | ၁.၁၂.၂၀၂၀ | ၁၂၇၅၀၀၀ | ၁၇၈၆ |
| ၂၅ | ၂.၁၂.၂၀၂၀ | ၁၂၉၂၀၀၀ | ၁၈၂၄ |
| ၂၆ | ၃.၁၂.၂၀၂၀ | ၁၃၀၁၀၀၀ | ၁၈၃၅ |
| ၂၇ | ၄.၁၂.၂၀၂၀ | ၁၃၀၁၀၀၀ | ၁၈၃၉ |
| ၂၈ | ၅.၁၂.၂၀၂၀ | ၁၂၉၈၀၀၀ | ၁၈၃၈ |
| ၂၉ | ၇.၁၂.၂၀၂၀ | ၁၂၉၉၀၀၀ | ၁၈၄၁ |
| ၃၀ | ၈.၁၂.၂၀၂၀ | ၁၃၀၈၀၀၀ | ၁၈၆၆ |
| ၃၁ | ၉.၁၂.၂၀၂၀ | ၁၃၀၈၀၀၀ | ၁၈၆၀ |
| ၃၂ | ၁၀.၁၂.၂၀၂၀ | ၁၃၀၅၀၀၀ | ၁၈၃၆ |

Source: estimate of world's exchange rate and gold price page

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.80 % ၊ Annual Rate of Inflation 6.43 %၊ Year on Year Inflation 1.84 % ရှိသည်ကို လေ့လာသိရှိရသည်။

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှ ဒီဇင်ဘာလ ၁၀ ရက်နေ့အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသောနိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-


တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၄-၁၂-၂၀၂၀ | ၇-၁၂-၂၀၂၀ | ၈-၁၂-၂၀၂၀ | ၁၀-၁၂-၂၀၂၀ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၃၂၃.၆၀၀ | ၁၃၂၇.၁၀၀ | ၁၃၃၃.၀၀၀ | ၁၃၃၉.၃၀၀ | ၁.၁၉ | ↑ |
| ၂ | Thai Baht | THB | ၃၀.၁၅၅ | ၃၀.၂၂၅ | ၃၀.၀၉၅ | ၃၀.၁၀၀ | -၀.၁၈ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၃၃၃ | ၁.၃၃၉ | ၁.၃၃၆ | ၁.၃၃၈ | ၀.၃၈ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၀၆၀ | ၄.၀၆၉ | ၄.၀၇၂ | ၄.၀၅၈ | -၀.၀၅ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၄၁၀၅ | ၁၄၁၀၅ | ၁၄၁၁၀ | ၁၄၁၀၅ | ၀.၀၀ | |
| ၆ | Chinese Yuan | CNY | ၆.၅၃၅ | ၆.၅၃၈ | ၆.၅၂၆ | ၆.၅၄၅ | ၀.၁၅ | ↑ |
| ၇ | Indian Rupee | INR | ၇၃.၇၅၉ | ၇၃.၈၉၆ | ၇၃.၇၁၆ | ၇၃.၇၁၈ | -၀.၀၆ | ↓ |
| ၈ | Japanese Yen | JPY | ၁၀၃.၉၈၃ | ၁၀၄.၂၂၅ | ၁၀၄.၀၈၄ | ၁၀၄.၅၂၇ | ၀.၅၂ | ↑ |
| ၉ | Australian Dollar | AUD | ၁.၃၄၇ | ၁.၃၅၁ | ၁.၃၄၇ | ၁.၃၃၇ | -၀.၇၄ | ↓ |
| ၁၀ | Euro | EUR | ၀.၈၂၂ | ၀.၈၂၆ | ၀.၈၂၅ | ၀.၈၂၇ | ၀.၆၁ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၄၅ | ၀.၇၅၄ | ၀.၇၄၉ | ၀.၇၅၁ | ၀.၈၁ | ↑ |

Source- Central Bank of Myanmar

ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာတန်ဖိုး ပြန်လည်မြင့်တက်လာခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ဒီဇင်ဘာလ ၄ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၃၂၃.၆၀ ကျပ်ရှိခဲ့ရာမှ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်တစ်ဒေါ်လာလျှင် ၁၃၃၉.၃၀ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း ၁.၁၉% မြင့်တက်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှဒီဇင်ဘာလ ၁၀ ရက်နေ့အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် ဒေါ်လာဖြင့် ကျပ်ငွေ လဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၃၃၁ကျပ်၊ ဒီဇင်ဘာလ၇ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၃၅ ကျပ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၃၇ ကျပ်၊ ဒီဇင်ဘာလ၁၀ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၄၈ ကျပ် အသီးသီးပေါက်ဈေးများ ဖြစ်ပေါ် ခဲ့ကြောင်း လေ့လာသိရှိရပါသည်။